# 4 ပုဂ္ဂလိက အငှားအိမ်ယာ

ပုဂ္ဂလိက၏ အငှားအိမ်ကို ငှားရမ်းချိန်တွင် အိမ်ခြံမြေအကျိုးဆောင်ထံသို့သွားရသည်။ ၄င်းအတွက် မိမိဆန္ဒရှိသောအိမ်ကို ကြိုတင်စဉ်းစားထားသင့်သည်မှာ အရေးကြီးသည့်အချက်ဖြစ်သည်။ စာချုပ်ချုပ်ဆိုခြင်းတွင် အများအားဖြင့် အိမ်လခ ၅လစာ၊ ၆လစာပမာဏလောက် လိုအပ်လေ့ရှိသည်။

## 4-1 အိမ် (အခန်း) ရှာဖွေနည်း၊ ငှားရမ်းနည်း

### (1) ရှာဖွေနည်း

မိမိနေထိုင်လိုသော ဒေသ၏ အိမ်ခြံမြေအကျိုးဆောင် (အိမ်အငှား၊ တိုက်ခန်းကို မိတ်ဆက်ပေးသောဆိုင်) သို့သွားပြီး မိမိဆန္ဒရှိသော အိမ်လခနှင့် အကျယ်အဝန်း၊ ဘူတာရုံမှ အကွာအဝေးစသည့် မိမိလိုချင်သော အချက်အလက်များကို ပြောကြားပြီး အိမ်ကိုမိတ်ဆက်ရယူနိုင်သည်။

ယင်းဆိုင်တွင် ကပ်ထားသော ငှားရမ်းရန်ရှိသောအိမ်များ၏ အချက်အလက်များကို ရှေးဦးစွာ ကြည့်ရှုနိုင်သည်။ မဂ္ဂဇင်းနှင့် အင်တာနက်တွင် မိမိဆန္ဒရှိသောဒေသ၏ အိမ်လခပေါက်ဈေး၊ အိမ်စသည်တို့ကို ရှာဖွေနိုင်သည်။ ၄င်းအပြင် နိုင်ငံခြားသားကျောင်းသားများသည် တက္ကသိုလ်၏ ကျောင်းသားရေးရာဌာနမှ တဆင့်လည်း ရှာဖွေနိုင်သည်။

### (2) ငှားရမ်းနည်း

အငှားအိမ်၊ တိုက်ခန်းကို ငှားရမ်းချိန်တွင် စာချုပ်ချုပ်ဆိုရသည်။ ၄င်းကို အိမ်ငှားစာချုပ်ဟုခေါ်ပြီး စာချုပ်ကာလသည် သာမန်အားဖြင့် ၂နှစ်ခန့်ရှိသည်။

စာချုပ်ချုပ်ဆိုရာတွင်အောက်ပါ စာရွက်စာတမ်းများနှင့် ငွေကြေးလိုအပ်သည်။

| စာချုပ်ချုပ်ချိန် လိုအပ်သောစာရွက်စာတမ်းများ | စာချုပ်ချုပ်ချိန် လိုအပ်သောငွေကြေး |
|---|---|
| 1 နေထိုင်သူအားလုံး၏ နေထိုင်သူမှတ်တမ်းစသည်<br>2 ဝင်ငွေအထောက်အထား စာရွက်စာတမ်း<br>3 အာမခံသူ (7 အိမ်ရာအသုံးအနှုန်း ရည်ညွှန်း)၊ ထို့အပြင် အာမခံစာ<br>4 လက်မှတ်တံဆိပ်တုံး မှတ်ပုံတင်<br>စသည် | 1 ယခုလနှင့် လာမည့်လ အိမ်လခ<br>2 စပေါ်ငွေ (7 အိမ်ရာအသုံးအနှုန်း ရည်ညွှန်း)<br>3 အိမ်ပိုင်ရှင်ကန်တော့ကြေး (7 အိမ်ရာအသုံးအနှုန်း ရည်ညွှန်း)<br>4 ကြားပွဲစားခ (7 အိမ်ရာအသုံးအနှုန်း ရည်ညွှန်း) စသည်<br>ဤသည်တို့ကို ပေါင်းလိုက်လျှင် အိမ်ငှားရမ်းသည့်အချိန်တွင် အိမ်လခ၏ ၅လစာ၊ ၆လစာခန့်သော ငွေကြေးပမာဏလိုအပ်သည်။ |